ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအားတားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ

အမိန့်အမှတ် (၁/၂၀၂၀)

နေပြည်တော်၊ ၁၃၈၁ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၁)ရက်

(၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်)

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ကထုတ်ပြန်ထားသော United League of Arakan (ULA)/ Arakan Army (AA) လက်နက်ကိုင်အဖွဲ့နှင့် ယင်းတို့နှင့်ဆက်နွယ်သူများ၏ငွေကြေးများ၊ ပစ္စည်းများနှင့်ရန်ပုံငွေများအားထိန်း ချုပ်တားမြစ်ခြင်း**

၁။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၆၊ ပုဒ်မခွဲ(င)နှင့် ပုဒ်မ ၇၂၊ ပုဒ်မခွဲ(ခ)တို့အရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ပြည်သူများအားစည်းရုံး၍လည်းကောင်း၊ အကြောက်တရားဖြင့်လွှမ်းမိုး၍လည်းကောင်း၊ ဒေသခံပြည်သူများအား အကာအကွယ်ယူ၍လည်းကောင်း တပ်မတော်စစ်ကြောင်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးစခန်းများကို တိုက်ခိုက်ခြင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အစိုးရဝန်ထမ်းများ၊ အပြစ်မဲ့အရပ်သား ပြည်သူများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ နှိပ်စက်ခြင်း၊ ကျေးရွာများအတွင်း ပစ်ခတ်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ပြုလုပ်လျက်ရှိသည့် United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့အား အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အုပ်စုများအဖြစ် ၂၃-၃-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၀)ဖြင့် သတ်မှတ်ကြေညာခဲ့ပါသည်။

၂။ အဆိုပါသတ်မှတ်ကြေညာချက်အရ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အဖွဲ့အစည်းများအနေဖြင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ပြစ်မှုများအား တားဆီးနှိမ်နင်းခြင်း နည်းဥပဒေများ၏ နည်းဥပဒေ ၃၃၊ နည်းဥပဒေ ၃၄ ၏ နည်းဥပဒေပုဒ်မခွဲ(ခ)နှင့်(ဂ)တို့အရ United League of Arakan (ULA) / Arakan Army (AA) လက်နက်ကိုင်အဖွဲ့၏ ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများ၏ရန်ပုံငွေများအား မိမိတို့လက်ဝယ်တွင် ရှိ/မရှိ စိစစ်၍ ရုံးဖွင့်ရက်(၃)ရက်အတွင်း အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေး လုပ်ငန်းကော်မတီသို့တင်ပြရန် တွေ့ရှိပါက ကြိုတင်သတိပေးခြင်းနှင့် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ထိန်းချုပ်မှုပြုလုပ်ရန်၊ ယင်းထိန်းချုပ်ထားသည့် ရန်ပုံငွေစာရင်းနှင့် အရေးယူဆောင်ရွက်ထားရှိမှုများအား အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီသို့ ဆောလျင်စွာတင်ပြရန်ညွှန်ကြားသည်။

၃။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ အကြမ်းဖက်သမား သို့မဟုတ် အကြမ်းဖက်အုပ်စု အဖြစ် သတ်မှတ်ခြင်းမှရုပ်သိမ်းသည့်အချိန်အထိ အထက်အပိုဒ် ၁ ပါ ကြေညာသတ်မှတ်ချက် အမိန့်သည် အာဏာသက်ရောက်သည်။

၄။ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၆ (၃)နှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှု ဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းခြင်းနည်းဥပဒေ ၁၁ တို့တွင်အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်း ကော်မတီမှထုတ်ပြန်သည့် တားမြစ်မိန့်သည်ထိန်းချုပ်မိန့်တစ်ရပ်အား ထုတ်ပြန်ခြင်းခံရသည့် မည်သည့်မြန်မာနိုင်ငံသားမဆို သို့မဟုတ် မြန်မာနိုင်ငံအတွင်းနေထိုင်သည့် သို့မဟုတ် တည်ရှိသည့် မည်သည့်လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမဆို သတ်မှတ်ကြေညာခြင်းခံရသူ သို့မဟုတ် အဖွဲ့အစည်း များက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်သည့် သို့မဟုတ် ထိန်းချုပ်သည့်လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများနှင့် ယင်းတို့၏ကိုယ်စား သို့မဟုတ် ယင်းတို့၏ညွှန်ကြားချက်အရ ဆောင်ရွက်သည့်လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများ၏အကျိုးစီးပွားအတွက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရန်ပုံငွေ သို့မဟုတ် အခြားသောပိုင်ဆိုင်မှုတစ်စုံတစ်ရာ၊ စီးပွားရေးအရင်းအမြစ် များ သို့မဟုတ် ဘဏ္ဍာရေး သို့မဟုတ် အခြားဆက်စပ်ဝန်ဆောင်မှုများအား အကြမ်းဖက်မှုတိုက်ဖျက်ရေး ဗဟိုအဖွဲ့၏ခွင့်ပြုချက်မရရှိဘဲ သို့မဟုတ် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ၏ အကြောင်းကြားချက်မရှိဘဲ ဆောင်ရွက်ပေးခြင်း မပြုလုပ်ရန် ညွှန်ကြားသည်။

ဥက္ကဋ္ဌ

(အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုဆိုင်ရာပြစ်မှုများအား

တားဆီးနှိမ်နင်းရေးလုပ်ငန်းကော်မတီ)

စာအမှတ်၊ ၄၃၁၉ (၁၂၃၃)/ ၁၄ - ၀၃/ ဦး ၄

ရက် စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၄ ရက်

**ဖြန့်ဝေခြင်း**

ကြီးကြပ်ရေးအာဏာပိုင်များအားလုံး

သတင်းပို့အဖွဲ့အစည်းများအားလုံး

မိတ္တူကို

ပြည်ထောင်စုဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့

ပြည်ထောင်စုဝန်ကြီး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကြီးကြပ်မှုအောက်ရှိ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများသို့ ထပ်ဆင့်ညွှန်ကြားသွားရန်)